# “ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများအရ အခွန်ထမ်းများက ရရှိနိုင်သည့် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအကြောင်း သိကောင်းစရာ ”

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်များနှင့်ပတ်သက်သည့် အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို တည်ဆဲဥပဒေများနှင့်အညီ ရှင်းလင်းစွာသိရှိပြီးခံစားခွင့်ရရှိနိုင်စေရန် ရည်ရွယ်ပါသည်။

## ဝင်ငွေခွန်

### ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေအမျိုးအစား

၂။ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိသည့်ဝင်ငွေအမျိုးအစားများမှာ -

(က) ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်းတစ်ခုခုကရရှိ၍ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စများအတွက်သက်သက် အသုံးပြုသောဝင်ငွေ၊

(ခ ) ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏အခွန်အခရရှိငွေ (ဥပမာ- စည်ပင်သာယာရေးအဖွဲ့များ၊ ဆိပ်ကမ်းအာဏာပိုင်များမှ အခွန်အခကောက်ခံရရှိငွေ)၊

(ဂ ) ပင်စင်၊ ပင်စင်မှ ပြောင်းလဲ၍ရရှိသောငွေနှင့် လုပ်သက်ဆုငွေ(Gratuity)၊

(ဃ) သေဆုံး၍ သို့မဟုတ် ဒဏ်ရာရ၍ရရှိသည့်လျော်ကြေး၊

(င ) အာမခံပေါ်လစီအတွက် ထုတ်ပေး၍ရရှိငွေ၊

(စ ) အဖန်တလဲလဲ မဟုတ်ဘဲ တစ်ခါတစ်ရံရရှိသည့်ငွေ (အခြေပစ္စည်းမှမြတ်စွန်းငွေနှင့် လုပ်ငန်းတစ်ရပ်ရပ်မှရရှိသည့် ဝင်ငွေတို့ မပါဝင်ပါ)၊

(ဆ) ပုဂ္ဂိုလ်စုတစ်ခုခုမှ ဝင်ငွေခွန်ပေးဆောင်ပြီး ရရှိသည့်အမြတ်ဝေစု၊

(ဇ ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ ဖမ်းဆီးရမှု သို့မဟုတ် တရားမဝင်ပစ္စည်းများဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်းဆုငွေကိုတစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၊

(ဈ) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ် တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(ည ) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့်ချီးမြှင့်ငွေများ၊

---

“တည်ဆဲဥပဒေဆိုသည်မှာ ဝင်ငွေခွန်ဥပဒေ (၁၉၇၄)၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ(၁၉၉၀)၊ အထူးကုန်စည်ခွန်ဥပဒေ(၂၀၁၆)၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ(၂၀၂၄)တို့ဖြစ်သည်။ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် အခွန်နှုန်းထားများသည် နှစ်စဉ်အတည်ပြုပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ပြင်ဆင်သည့်ဥပဒေများအရ အခါအားလျော်စွာပြောင်းလဲနိုင်ပါသည်။

(ဠ) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(ဋ) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ၊

(ဌ) ပြည်တွင်းထုတ်လုပ်မှုကိုအခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှု လုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ် တစ်နှစ် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၅၀ ထိ၊

(ဎ) ကုလသမဂ္ဂ၊ သံတမန်၊ ကောင်စစ်ရေးရာ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တို့တွင် ပြဋ္ဌာန်းပါရှိသော ဝင်ငွေခွန်နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်များ။

**ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် ခွင့်ပြုနိုင်သည့် ဝင်ငွေအမျိုးအစားများနှင့်ကိစ္စရပ်များ**

၃။ ဝင်ငွေခွန်ဥပဒေအရ ပြည်ထောင်စုအစိုးရသည် အောက်ပါဝင်ငွေအမျိုးအစားများနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်း သို့မဟုတ် အခွန်နှင့်စပ်လျဉ်းသည့် အခြားခံစားခွင့်ပေးခြင်းတို့ကို ပြုလုပ်နိုင်ပါသည် -

(က ) ပြည်တွင်းပြည်ပအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် လှူဒါန်းခြင်းမှ ရရှိသည့်ဝင်ငွေ၊

( ခ ) နိုင်ငံတော်အတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ပေးအပ်သည့် အထောက်အပံ့များ၊

( ဂ ) နိုင်ငံတော်မှရယူသည့် သက်သာသောချေးငွေ သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေတို့အတွက် ပေးချေရသည့် အတိုး၊

( ဃ) သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ထောက်ပံ့လှူဒါန်းသည့်ပစ္စည်း သို့မဟုတ် အလှူငွေ။

၄။ ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ အောက်ဖော်ပြပါကိစ္စရပ်များအတွက် **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည် -

(က) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(ခ ) ငွေချေးသက်သေခံလက်မှတ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန် ကိစ္စရပ်များ။

## ၅။ ဝင်ငွေခွန်တွက်ချက်ရာတွင် သက်သာခွင့်အဖြစ် ခွင့်ပြုငွေများ

- အခွန်စည်းကြပ်ရန်ဝင်ငွေတွက်ချက်ရာတွင် ပုဂ္ဂိုလ်စုနှင့် တစ်ဦးချင်းပုဂ္ဂိုလ်များအတွက် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသော (ကျပ်သိန်း ၁၀၀ ထက် မပိုစေရ)၊
- တစ်ဦးချင်းပုဂ္ဂိုလ်များအတွက် အခွန်စည်းကြပ်ထိုက်သည့် ဝင်ငွေမရရှိသည့် အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀သိန်းစီ၊ အိမ်ထောင်ဖက်တစ်ဦးတည်း အတွက်သာလျှင် ကျပ် ၁၀သိန်း၊ သားသမီးတစ်ဦးလျှင် ကျပ် ၅သိန်းစီ ( အသက် ၁၈နှစ်အောက် အိမ်ထောင်မရှိ သူ၊ အသက် ၁၈နှစ် ပြည့်ပြီးသော်လည်း ကျောင်း၊ တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် အခြားပညာရေးဌာနတစ်ခုခုတွင် အချိန်ပြည့် ပညာသင်ကြားနေသူ သို့မဟုတ် အသက်မွေး ဝမ်းကျောင်းပညာလုပ်ငန်းတွင် အရည်အချင်းပြည့်စုံရန်အတွက် အလုပ်သင်စည်းကမ်း အရ အလုပ်သင်လျက်ရှိနေသူ )၊
- အခွန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံပရီမီယံ၊ လူမှုဖူလုံရေး ထည့်ဝင်ငွေ။

၆။ ဝင်ငွေခွန်ဥပဒေအရ နိုင်ငံတော်အဖွဲ့အစည်းအဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက **အမိန့်ကြော်ငြာစာထုတ်ပြန်၍** အသိအမှတ်ပြုသော ဘာသာရေး၊ သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုခုသို့ လှူဒါန်း ထည့်ဝင်ငွေ (အခွန်ထမ်းစုစုပေါင်း ဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းနှင့် ညီမျှသောငွေထက် မပိုစေရ) အား သက်သာခွင့်အဖြစ် နုတ်ပယ်တွက်ချက်ပေးပါသည်။

## ၇။ ဝင်ငွေခွန်ဆိုင်ရာအခြားကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

- လစာမှ နှစ် တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈သိန်း အထိ ရရှိသူ၊
- လစာ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း နှင့် အခြားရလမ်းများ မှ ဝင်ငွေဖြစ်လျှင် စုစုပေါင်းဝင်ငွေမှ သက်သာခွင့်များ နုတ်ပြီး ၁ကျပ်မှ ကျပ်သိန်း ၂၀ အထိ သည် သုညရာခိုင်နှုန်း၊
- အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့်လုပ်ငန်းအသစ် တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် ဝင်ငွေရလမ်းအတိ အကျ တင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ၊

- နှစ် တစ်နှစ်အတွင်း အခြေပစ္စည်း တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်သည့် အခြေပစ္စည်း၏တန်ဖိုး စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ အထိ။

## ကုန်သွယ်လုပ်ငန်းခွန်

### ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ရရှိသည့် ရောင်းရငွေ / ရငွေအမျိုးအစားများ

၈။ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရရှိသည့် ရောင်းရငွေ / ရငွေများမှာ –

(က) ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်းတစ်ခုခုက ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စသက်သက်အတွက် ထုပ်လုပ်ရောင်းချသည့် ကုန်စည် သို့မဟုတ် ဆောင်ရွက်သည့်ဝန်ဆောင်မှုအပေါ် ရရှိသည့် ရောင်းရငွေ/ ရငွေ၊

( ခ) သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းတို့အတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ / ရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ အထိ၊

(ဂ ) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (De – minimis Value Threshold)။

### ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုအမျိုးအစား

၉။ ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့် ကုန်စည်အမျိုးအမည်များမှာ ၄၇ မျိုး ဖြစ်ပြီး၊ ဝန်ဆောင်မှုအမျိုးအစား ၃၄ မျိုး ဖြစ်ပါသည်။

### ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုနိုင်သည့် ကိစ္စရပ်များ

၁၀။ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို အောက်ပါအတိုင်းခွင့်ပြုပေးနိုင်ပါသည် –

(က) ကုန်စည်တစ်မျိုးမျိုးအတွက်ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ အခွန်ထမ်းတစ်ဦးဦးအတွက်ဖြစ်စေ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း၊

(ခ) အသစ်ထူထောင်သောလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လက်ရှိဆောင်ရွက်ဆဲလုပ်ငန်း တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ -

(၁) အသစ်တည်ဆောက်ရာတွင် သို့မဟုတ် ဆောင်ရွက်ဆဲလုပ်ငန်းများတွင် တပ်ဆင် အသုံးပြုရန် ပြည်ပမှတင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများနှင့် အခြား ပစ္စည်းများအပေါ်တွင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊

(၂) ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းစီးပွားဖြစ် စတင်သောနေ့မှ တစ်ဆက်တည်း ၃၆ လအထိ နှစ်ကန့်သတ်ချက်ဖြင့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊

(ဂ) နိုင်ငံတော်အတွင်း ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချသော ကုန်စည်တစ်မျိုးမျိုး နှင့်စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း။

၁၁။ **ပြည်ထောင်စုအစိုးရ**သည် အောက်ဖော်ပြပါ **ကုန်စည်များနှင့်**စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်း ပြုလုပ်နိုင်ပါသည် -

(က) ပြည်တွင်းပြည်ပအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် လှူဒါန်းသည့် ကုန်စည်များ၊

(ခ ) ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ အထောက်အပံ့များအဖြစ် ပေးအပ် သောကုန်စည်များ၊

(ဂ ) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အလှူရှင်နိုင်ငံ များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များ၊ ကျွမ်းကျင်သူများ မြန်မာနိုင်ငံ အတွင်းနေထိုင်စဉ် အသုံးပြုရန် တင်သွင်းလာသည့် အသုံးအဆောင်ပစ္စည်းများ၊

(ဃ) တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်အခွင့်အရေးမှု(Reciprocal Basis)အရ သံတမန်များ နှင့် စပ်လျဉ်းသည့်ကုန်စည်များ။

၁၂။ **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

## အထူးကုန်စည်ခွန်

### အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ရရှိသည့်သတ်မှတ်အထူးကုန်စည်အမျိုးအစားနှင့်ရောင်းရငွေ ပမာဏ

၁၃။ ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ် တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက် မပိုလျှင် အထူးကုန်စည်ခွန်ပေးဆောင်ရန်မလိုပါ။

### အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ရရှိသည့် အထူးကုန်စည်အမျိုးအစားများ

၁၄။ အထူးကုန်စည်ခွန်ဥပဒေအရ အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ရှိသည့်အထူးကုန်စည်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ၂၀၂၄ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်သည့် သစ်လုံး၊ သစ်ခွဲသားများမှ တစ်ပါး ပြည်ပသို့ တင်ပို့သောကျန် အထူးကုန်စည်များ၊

(ခ) ခရီးသွားသူများအား အခွန်လွတ်အရောင်းဆိုင် သို့မဟုတ် ပြည်ပသို့ ပျံသန်းပြေးဆွဲနေစဉ် လေယာဉ် သို့မဟုတ် သင်္ဘောပေါ်တွင်ရောင်းချသည့် အထူးကုန်စည်များ၊

(ဂ) ယာယီအသုံးပြုရန်တင်သွင်းလာပြီး မူရင်းပမာဏအခြေအနေအတိုင်း မူလတင်သွင်းသည့်နိုင်ငံသို့ အကောက်ခွန်သတ်မှတ်ချက်များနှင့်အညီ ပြန်လည်တင်ပို့မည့် အထူးကုန်စည်များ၊

(ဃ) ပြည်တွင်းပြည်ပအလှူရှင်များမှ ပြည်တွင်း၌လှူဒါန်းရန် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ၊

(င) အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ သို့မဟုတ် သံတမန်ဆိုင်ရာကွန်ဗင်ရှင်းများအရ ကင်းလွတ်ခွင့်ရရှိသူတို့အတွက် တင်သွင်းလာသည့် အထူးကုန်စည်များ၊

(စ) ပြည်ပသို့ ထွက်ခွာမည့် လေယာဉ်များတွင် အသုံးပြုမည့်လောင်စာဆီများ။

### အထူးကုန်စည်ခွန်ဥပဒေအရ ကင်းလွတ်ခွင့်၊ သက်သာခွင့်ရရှိသည့် အထူးကုန်စည်အမျိုးအစားများ

၁၅။ အထူးကုန်စည်ခွန်ဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကျသင့်သော အထူးကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

၁၆။ အထူးကုန်စည်ခွန်ဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ အထူးကုန်စည်များအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်ပါသည် -

(က) ပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ အထောက်အပံ့အဖြစ် ပေးအပ်သောအထူးကုန်စည်များ သို့မဟုတ် အထောက်အပံ့ရရှိငွေဖြင့် ဝယ်ယူသည့် အထူးကုန်စည်များ၊

( ခ ) တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်အခွင့်အရေးမူတွင် ပါဝင်သည့် အထူးကုန်စည်များ၊

( ဂ ) ကျွန်းနှင့်သစ်မာသစ်လုံးများ၊ သတ်မှတ်ချက်နှင့်အညီ အခြေခံအဆင့်သာ ခွဲစိတ်ထားသော ကျွန်းနှင့်သစ်မာသစ်ခွဲသားများမှအပ နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းများအသုံးပြုရန် ကိုယ်တိုင်ထုတ်လုပ်သော၊ တင်သွင်းလာသော သို့မဟုတ် ဝယ်ယူသော အထူးကုန်စည်များ။

၁၇။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်မြို့)၊ အမှတ် ၁၂၈/၁၃၂ (ဒုတိယထပ်နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း- ၀၁- ၈၃၈၉၃၁၁၊ ၀၁- ၈၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း- ၀၂ - ၄၀၃၀၁၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကို download ရယူနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**